# မြန်မြန်သိရန် အချက်အလက်များ

အသည်းယောင်အသားဝါ ဘီ ရောဂါ ့ ့ ့ အကြောင်း

အသည်းယောင်အသားဝါ ဘီ ရောဂါဆိုတာ ဘာလဲ။

အသည်းယောင်အသားဝါ ဘီ ရောဂါက အသည်းယောင်အသားဝါဘီ ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်တဲ့ ကြီးလေးတဲ့ အသည်းရောဂါပါ။ လူအများစုက ပြဿနာမဖြစ်ဘဲ ပြန်ကောင်းပါမယ်။ ဒါပေမဲ့ တချို့က နာတာရှည် (ရေရှည်) အသည်းယောင်အသားဝါ ဘီ ရောဂါ ရနိုင်ပါတယ်။ တချို့မှာ ရေရှည်ရောဂါပိုးရှိတဲ့အခါ အသည်းယောင် အသားဝါ ဘီကြောင့် အကြီးအကျယ်ဖျားနာတာ၊ အသည်းကင်ဆာ၊ အသည်းပျက်စီးတာတွေဖြစ်ပြီး တခါတလေ သေဆုံးနိုင်ပါတယ်။

အသည်းယောင်အသားဝါဘီ ဘယ်လိုကူးစက်သလဲ။

အသည်းယောင်အသားဝါဘီ ဗိုင်းရပ်စ်က ရောဂါပိုးရှိသူရဲ့ သွေး ဒါမှမဟုတ် သုတ်ပိုးနဲ့ အမျိုးသမီးအင်္ဂါက ထွက်တဲ့အရည်တွေလို ကိုယ်ခန္ဓာက အရည်တချို့က ရောဂါပိုးမရှိသူရဲ့ ကိုယ်ထဲကို ဝင်သွားတဲ့အခါ ကူးပါတယ်။ ဥပမာ။ ။

- အကာအကွယ်မသုံးဘဲ လိင်ဆက်ဆံတာ
- အပ်တွေ၊ မူးယစ်ဆေးထိုးဖို့သုံးတဲ့ "ကိရိယာတွေ" အတူသုံးတာ
- ဘလိပ်ဒါး (သို့) သွားပွတ်တံလို တကိုယ်ရေသန့်ရှင်းရေးပစ္စည်းတွေ အတူသုံးတာ
- ရောဂါပိုးရှိတဲ့မိခင်ကနေ မွေးဖွားတာ
- ကိုယ်ခန္ဓာမှာ အပေါက်တွေဖောက်တဲ့အခါ၊ ထိုးကွင်းထိုးအခါ၊ (သို့) အပ်စိုက်ကုတဲ့အခါ ပိုးသတ်မထားတဲ့ အပ်တွေနဲ့ ကိရိယာတွေသုံးတဲ့အခါ ကူးပါတယ်။

အသည်းယောင်အသားဝါ ဘီဖြစ်ဖို့ ဘယ်သူတွေမှာ အန္တရာယ်ရှိသလဲ။

အသည်းယောင်အသားဝါ ဘီ ရှိသူရဲ့ သွေး (သို့) ကိုယ်ခန္ဓာကထွက်တဲ့အရည်တချို့နဲ့ တိုက်ရိုက်ထိတွေ့တဲ့အခါ အသည်းယောင်အသားဝါ ဘီရောဂါ ရပါတယ်။ အောက်ပါတို့လုပ်ရင် သင့်အတွက် အသည်းယောင်အသားဝါ ဘီ ဖြစ်ဖို့ အန္တရာယ် ပိုများပါတယ်။ ။

- အသည်းယောင်အသားဝါ ဘီ ရှိသူမိခင်ကနေမွေးရင်
- ရေရှည် အသည်းယောင်အသားဝါပိုး ရှိနေသူတယောက်ယောက်နဲ့ တအိမ်တည်းနေရင်
- အသည်းယောင်အသားဝါ ဘီ ရှိသူတယောက်ယောက်နဲ့ အကာအကွယ်မဲ့လိင်ဆက်ဆံရင်
- လွန်ခဲ့တဲ့ ခြောက်လအတွင်း လူတယောက်ထက်ပိုပြီး လိင်ဆက်ဆံရင်
- လိင်တူဆက်ဆံတဲ့အမျိုးသားတယောက်ဖြစ်ရင်
- မူးယစ်ဆေးဝါးထိုးသူတယောက်ဖြစ်ရင်
- ကျန်းမာရေးလုပ်သား (သို့) ပြည်သူတွေအန္တရာယ်ကင်းရှင်းရေးအတွက် လုပ်သားတယောက်ဖြစ်ရင်
- အရှေ့တောင်အာရှ၊ အာဖရိက၊ တောင်အမေရိက အမေဇုံမြစ်ဝှမ်း၊ ပစိဖိတ်ကျွန်းတွေ၊ အရှေ့ဥရောပ၊ (သို့) အရှေ့အလယ်ပိုင်းတို့မှာ မွေးသူ (သို့) ဒီဒေသတွေမှာ မွေးတဲ့မိဘတွေက မွေးလာသူဖြစ်ရင်
- ဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးပြီး မသန်မစွမ်းဖြစ်နေသူရဲ့အိမ်မှာ နေသူ (သို့) အဲဒီမှာ အလုပ်လုပ်သူ ဖြစ်ရင်
- မိမိဝသွေးကအညစ်အကြေးတွေကို စက်နဲ့ဖယ်ရှားနေရသူဖြစ်ရင် အန္တရာယ်ပိုများပါတယ်။

မိမိမှာ အသည်းယောင်အသားဝါ ဘီ ရှိမရှိ ဘယ်လိုသိမလဲ။

သင့်ဆရာဝန်ကို သွားတွေ့ပါ။ သွေးစစ်တဲ့အခါ သင့်မှာ အသည်းယောင်အသားဝါ ဘီ ရှိမရှိ ပြပါလိမ့်မယ်။ ရောဂါ ရှိနေဆဲလားဆိုတာ သိရအောင် နောက်ပိုင်း ဆက်ပြီး သွေးစစ်ရပါမယ်။ ရေရှည် အသည်းယောင်အသားဝါ ဘီ ဖြစ်နေခြင်းရှိမရှိသိရအောင် အနည်းဆုံး ခြောက်လခြားပြီး သွေးနှစ်ခါစစ်ရပါမယ်။ ပိုးက ရေရှည် ရှိနေရင် ရောဂါ တသက်လုံးဖြစ်နေနိုင်ပါတယ်။

အသည်းယောင်အသားဝါ ဘီရဲ့ ရောဂါလက္ခဏာတွေက ဘာတွေလဲ။

ရောဂါလက္ခဏာတွေက နည်းနည်းပါးပါးပဲရှိလို့ (သို့) လက္ခဏာမရှိဘဲလည်း ဖြစ်နေနိုင်လို့ အသည်းယောင် အသားဝါ ဘီ ကို "တိတ်တဆိတ်ရောဂါပိုး"လို့လည်း ခေါ်ပါတယ်။ ရောဂါပိုးနဲ့ထိတွေ့ပြီး တလခွဲကနေ ခြောက်လအကြာမှ လက္ခဏာတွေ ပေါ်လာပါတယ်။ လက္ခဏာတွေထဲမှာ။ ။

- မျက်လုံးတွေ အသားတွေ ဝါတာ (အသားဝါ)
- အစားအသောက်ပျက်တာ
- ပြို့တာ၊ အန်တာ
- ကိုယ်ပူတာ
- ဗိုက်အောင့်တာ
- အဆစ်အမြစ်ကိုက်တာ
- မောပန်းတာ
- ဆီးအရောင်ရင့်တာ
- (ရွှံ့ရောင်) အရောင်နုနု ဝမ်းသွားတာတို့ ပါပါတယ်။

အသည်းယောင်အသားဝါ ဘီ ဘယ်လိုကုနိုင်သလဲ။

လူအများစုမှာ သူ့ဟာသူ ပျောက်သွားပါမယ်။ ရေရှည်ဖြစ်နေသူတွေက ဒီရောဂါ ပိုဆိုးလာသလားသိရအောင် မိမိဆရာဝန်နဲ့ ပြပါ။ အသည်းယောင်အသားဝါ ဘီရေရှည်ဖြစ်နေသူတွေကုဖို့ ဆေးတွေရှိပြီး ဘယ်ဆေးက သင်နဲ့ သင့်တော်မယ်ဆိုတာ သင့်ဆရာဝန်က ဆုံးဖြတ်ပေးပါမယ်။ အသည်းကို ဆက်ပြီးမထိခိုက်အောင် အောက်ပါတို့ လုပ်ပါ။ ။

- အရက်သေစာ ရှောင်ပါ။
- ပင်လယ်ထွက်အစာတွေ အစိမ်းမစားပါနဲ့။
- အသည်းယောင် အသားဝါ အေ အတွက် ကာကွယ်ဆေး ထိုးပါ။

အသည်းယောင် အသားဝါ ဘယ်လိုကာကွယ်ရမလဲ။

အန္တရာယ်ကင်းပြီး ထိရောက်မှုရှိတဲ့ ကာကွယ်ဆေးထိုးပြီး အသည်းယောင် အသားဝါ ဘီပိုး ကာကွယ်နိုင်ပါတယ်။ မွေးကင်းစကနေ ၁၈ နှစ်အထိကလေးတွေနဲ့ အသည်းယောင် အသားဝါ ဘီဖြစ်ဖို့ အန္တရာယ်ရှိတဲ့ အရွယ်ရောက်သူတွေ အားလုံးကို ကာကွယ်ဆေးထိုးဖို့ အကြံပြုထားပါတယ်။ အသည်းယောင် အသားဝါ ဘီ ကာကွယ်ဆေးနဲ့ပတ်သက်ပြီး နောက်ထပ်အချက်အလက်တွေရဖို့ သင့်ဆရာဝန်နဲ့ သွားတွေ့ပါ။

အသည်းယောင် အသားဝါ ဘီကာကွယ်ဖို့ တခြားနည်းတွေက။ ။

- လူတယောက်ထက်ပိုပြီး လိင်ဆက်ဆံရင် ရော်ဘာကွန်ဒုံးအစွပ် သုံးပါ။
- ကိုယ်ဝန်ရှိနေရင် အသည်းယောင် အသားဝါ ဘီ ရှိမရှိ သိရအောင် စစ်ဆေးပါ။
- မူးယစ်ဆေးဝါး မထိုးပါနဲ့။ ထိုးခဲ့ရင် မူးယစ်ဆေးဝါး၊ အပ်၊ ဆေးထိုးပြွန်၊ ချက်တဲ့မီးဖိုတွေ၊ ဂွမ်း၊ ရေ၊ ဒါမှမဟုတ် ဆေးကြောတဲ့ ခွက်တွေ သူတပါးနဲ့အတူ မသုံးပါနဲ့။
- ဘလိပ်ဒါး၊ သွားပွတ်တံ၊ (သို့) တခြား တကိုယ်ရေသန့်ရှင်းရေးပစ္စည်းတွေကို သူတပါးနဲ့အတူ မသုံးပါနဲ့။
- အသည်းယောင်အသားဝါ ဘီပိုး သင့်မှာရှိနေရင် သွေး၊ ကိုယ်အင်္ဂါ၊ သုတ်ပိုး ဒါမှမဟုတ် တစ်သျှူးတို့ မလှူပါနဲ့။

ဒီမှာပေးထားတဲ့အချက်အလက်တွေအားလုံးက ပြည်သူတွေ အသုံးပြုဖို့ ဖြစ်ပါတယ်။ အသည်းယောင်အသားဝါ ဘီအကြောင်း နောက်ထပ်အချက်အလက်လိုချင်ရင် အောက်ပါ အင်တာနက်စာမျက်နှာတွေမှာ သွားကြည့်ပါ။ ။

ရောဂါထိန်းသိမ်းရေးနှင့်ကာကွယ်ရေး စင်တာ (Centers for Disease Control and Prevention)
http://www.cdc.gov/ncidod/diseases/hepatitis/b/fact.htm

အသည်းယောင်အသားဝါ ဘီ ဖောင်ဒေးရှင်း (Hepatitis B Foundation)
www.hepb.org

ဒီစာမျက်နှာကို ၂၀၀၇ ခုနှစ် မတ်လ ၂၆ ရက်နေ့မှာ နောက်ဆုံးတခေါက် ပြန်လည်စစ်ဆေးထားပါတယ်။